**သမတအိမ်တော်၊ ရန်ကုန်မြို့။**
**၁၉၄၈ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကာကွယ်နိုင်၊ ရယူနိုင်သော အခွင့်အရေးများ ရပ်ဆိုင်းထားခြင်း တချက်လွှတ်ဥပဒေပုဒ်မ ၁၊ အပိုဒ် (၂) အရ၊ ထုတ်ပြန်ကျေညာချက်။**
**[ကျေညာချက်အမှတ် ၄။]**
**၁၃၁၀ ခု၊ သီတင်းကျွတ်လဆန်း ၆ ရက်။**
**(၁၉၄၈ ခု၊ အောက်တိုဘာလ ၈ ရက်။)**

(၁) ရမည်းသင်းခရိုင်အတွင်းရှိ၊ ပျဉ်းမနားဆပ်ဒီဝီဇံ။ မြင်းခြံခရိုင်အတွင်းရှိ (၂) မြင်းခြံဆပ်ဒီဝီဇံနှင့် (၃) ပုဂံဆပ်ဒီဝီဇံနယ်များအတွင်း အရေးတကြီးဖြစ်လာသော အခြေအနေရှိသဖြင့်၊ ပြည်သူ့လုံခြုံမှုအတွက်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၅ ရှိ၊ ပုဒ်မခွဲ (၃) ပါ၊ ပြဋ္ဌာန်းချက်များအရခံစားရသော ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေအရ ကာကွယ်နိုင်၊ ရယူနိုင်သော အခွင့်အရေးများကို ရပ်ဆိုင်းထားရန် လိုအပ် သည်ဟု၊ နိုင်ငံတော်သမတ ကျွန်ုပ် စဝ်ရွှေသိုက်က၊ သဘောကျေနပ်သည်ဖြစ်၍ ဤအမိန့်ကို ထုတ်ပြန်ကျေညာသည့် နေ့ရက်မှစ၍၊ သုံးလအပိုင်းအခြားအဘို့ ၎င်းဖေါ်ပြပါ နယ်မြေများတွင်၊ ၁၉၄၈ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကာကွယ်နိုင်၊ ရယူနိုင်သော အခွင့်အရေးများရပ်ဆိုင်း ထားခြင်း တချက်လွှတ်ဥပဒေ အာဏာတည်စေရမည်ဟု၊ နိုင်ငံတော်သမတ ကျွန်ုပ်စဝ်ရွှေသိုက်က ထုတ်ပြန်ကြော်ငြာလိုက်သည်။

စဝ်ရွှေသိုက်၊
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ။

ရန်ကုန်မြို့ ၁၃၁၀ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်။
(၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်။)

အမိန့်အရ၊
ရွှေဘော်၊
နိုင်ငံတော်သမတအတွင်းဝန်။
[အမှတ် ၁၈၈]